အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	----	၁
၂	အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်	....	----	၂
၃	အခန်း(၂) ဖွဲ့စည်းခြင်း	....	....	၃
၄	အခန်း(၃) ညှိနှိုင်းရေးအဖွဲ့	....	....	၆
၅	အခန်း(၄) ထောက်လှမ်းရေးမှူးချုပ်	----	....	၇
၆	အခန်း(၅) အစီရင်ခံခြင်း	....	....	၈

အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇။]

နိဒါန်း

နိုင်ငံတော်၏ အချုပ်အချာ အာဏာ တည်တံ့ ခိုင်မြဲရေး၊ နိုင်ငံတော်လုံခြုံရေး၊ အခြေခံဥပဒေက ပြဋ္ဌာန်းထားသော ဆိုရှယ်လစ်စနစ်၏ အခြေခံ အနှစ်သာရများကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အများပြည်သူတို့၏ အေးချမ်းသာယာရေး၊ အများပြည်သူတို့၏ ကိုယ်ကျင့်တရားတရပ်ရပ်ကို ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ရေး၊ ကျရောက်သောအန္တရာယ်ကို တွန်းလှန်နှိမ်နင်းရေးတို့သည် နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် ပဓါနကျသော လုပ်ငန်းတာဝန်များ ဖြစ်ပေသည်။

ယင်း လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ကြရာတွင် ဝန်ကြီးအဖွဲ့လက်အောက်တွင်ရှိသော ဝန်ကြီးဌာနအသီးသီးမှ ထောက်လှမ်းရေးအဖွဲ့အစည်းလည်း ပါဝင်ကြပေသည်။ ယင်းအဖွဲ့အစည်းများကို ညှိနှိုင်းကာ ညီညွတ်သောဦးဆောင်မှုဖြင့် လုပ်ငန်းတာဝန်များကို အခြေခံဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်ကြစေသောငှါ၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဥပဒေတရပ်ဖြင့် ဖွဲ့စည်းအပ်သည် ဖြစ်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁

အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ။(က) ဤဥပဒေကို အမျိုးသား ထောက်လှမ်းရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချက်ချင်း အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) " အဖွဲ့ " ဆိုသည်မှာ ဤဥပဒေဖြင့် ဖွဲ့စည်းသော အမျိုးသား ထောက်လှမ်းရေးအဖွဲ့ကို ဆိုသည်။

(ခ) " ထောက်လှမ်းရေး အဖွဲ့အစည်း " ဆိုသည့်စကားရပ်တွင် ထောက်လှမ်းရေးကို အကူပြုသည့် အဖွဲ့အစည်းလည်း ပါဝင်သည်။

အခန်း ၂

ဖွဲ့စည်းခြင်း

၃။ ။ဝန်ကြီးဌာန အသီးသီးရှိ ထောက်လှမ်းရေး အဖွဲ့အစည်းများကို ညှိနှိုင်းကာ ညီညွတ်သော ဦးဆောင်မှုဖြင့် အခြေခံဥပဒေနှင့် အညီ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄။ ။အဖွဲ့ကို ဝန်ကြီးချုပ်၏ တိုက်ရိုက် ကွပ်ကဲမှု အောက်တွင်ထားရှိရမည်။

၅။ ။အဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေးအဖွဲ့က လမ်းညွှန်ဦးဆောင်ရမည်——

(၁) ဝန်ကြီးချုပ် .... ဥက္ကဋ္ဌ

(၂) ကာကွယ်ရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

(၃) စီမံကိန်းနှင့် ဘဏ္ဍာရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

(၄) ပြည်ထဲရေးနှင့် သာသနာရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

(၅) နိုင်ငံခြားရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

၆။ ။(က) အောက်ဖော်ပြပါဝန်ကြီးဌာနများ၏လက်အောက်တွင်ရှိသော ထောက်လှမ်းရေး အဖွဲ့အစည်းများသည်အမျိုးသား ထောက်လှမ်းရေးအဖွဲ့၏ ကြီးကြပ်မှုနှင့် လမ်းညွှန်မှုတို့ကို ခံယူကြရမည်—

(၁) ကာကွယ်ရေးဝန်ကြီးဌာန၊
(၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
(၃) ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊
(၄) နိုင်ငံခြားရေးဝန်ကြီးဌာန၊
(၅) ထောက်လှမ်းရေး အဖွဲ့အစည်း တရပ်ရပ်ကို အခါအားလျော်စွာ ဖွဲ့စည်းသော အခြားဝန်ကြီးဌာန။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသော ထောက်လှမ်းရေးအဖွဲ့အစည်းများသည် မိမိနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း တာဝန်ခံရမည်။

၇။ ။ကြီးကြပ်ရေးအဖွဲ့သည်—

(က) အရေးကြီးသောကိစ္စရပ်များကို နိုင်ငံတော်ကောင်စီအတွင်းရေးမှူးထံ တင်ပြ၍ အဆုံးအဖြတ် ရယူနိုင်သည်။

(ခ) လုပ်ငန်းဆောင်တာများကို ဆောင်ရွက်စေနိုင်ရန် လိုအပ်သော အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဂ) အမျိုးသားထောက်လှမ်းရေးလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် နည်းဥပဒေကြမ်းကိုရေးဆွဲပြီး ဝန်ကြီးအဖွဲ့သို့တင်ပြရမည်။ ထိုနည်းဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကစိစစ်၍ နိုင်ငံတော်ကောင်စီမှတဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းရမည်။

(ဃ) ထောက်လှမ်းရေးမှူးချုပ်တဦးကို ခန့်ထားရန်ဝန်ကြီး အဖွဲ့မှတဆင့် နိုင်ငံတော်ကောင်စီသို့တင်သွင်းရမည်။

(င) ထောက်လှမ်းရေးမှူးချုပ်၏ အောက်တွင် လိုအပ်သောရုံးအဖွဲ့ကိုဖွဲ့စည်းရန် ဝန်ကြီးအဖွဲ့မှတဆင့် နိုင်ငံတော်ကောင်စီသို့ တင်သွင်းရမည်။

အခန်း ၃

ညှိနှိုင်းရေးအဖွဲ့

၈။ (က) ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆောင်ရွက်စေနိုင်ရန် ထောက်လှမ်းရေး အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းရေးအဖွဲ့တဖွဲ့ကို ဖွဲ့စည်းထားရမည်။

(ခ) ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်သောထောက်လှမ်းရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များသည် ထောက်လှမ်းရေးမှူးချုပ်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ တပြိုင်တည်းတွင် မိမိတို့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုလည်း တာဝန်ခံ၍ မိမိတို့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ထောက်လှမ်းရေးမှူးချုပ်တို့အကြား လိုအပ်သလိုဆက်သွယ်ဆောင်ရွက်ရမည်။

အခန်း ၄

ထောက်လှမ်းရေးမှူးချုပ်

၉။ ။ထောက်လှမ်းရေးမှူးချုပ်သည်—

(က) နိုင်ငံတော်၏ ထောက်လှမ်းရေးကိစ္စများကို ကြီးကြပ်ရေးအဖွဲ့က ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ထောက်လှမ်းရေးအဖွဲ့အစည်းများအား လိုအပ်သလို ညွှန်ကြားရမည်။

(ဂ) ထောက်လှမ်းရေးကိစ္စများအတွက် သက်ဆိုင်ရာဌာနများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

အခန်း ၅

အစီရင်ခံခြင်း

၁၀။ ။(က) ထောက်လှမ်းရေး အဖွဲ့အစည်းများသည်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ထောက်လှမ်းရေးမှူးချုပ်တို့ထံ အစီရင်ခံကြရမည်။

(ခ) ထောက်လှမ်းရေးမှူးချုပ်သည် ကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံရမည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့သည်ထောက်လှမ်းရေးမှူးချုပ်က တင်ပြသော အစီရင်ခံစာများကို အကျဉ်းချုပ်၍ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြရမည်။ လိုအပ်ပါက သက်ဆိုင်သော ဗဟိုအာဏာပိုင် အဖွဲ့အစည်း များသို့လည်း ပေးပို့ရမည်။